**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား
စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အစီရင်ခံစာ**

**နိဒါန်း**

၁။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို (၂၈.၉.၂၀၂၂)ရက်နေ့၊ မိတ္ထီလာစက်မှုဇုန်ရှိ စက်မှုဇုန်ခန်းမ နှင့် (၂၉.၉.၂၀၂၂)ရက်နေ့၊ မန္တလေးမြို့ရှိ ရတနာပုံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

**တွေ့ဆုံပွဲတက်ရောက်သူများ**

၂။ အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ၊ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စက်မှုဝန်ကြီးဌာန ၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာဦးချာလီသန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများ နှင့် စက်မှုလက်မှုအသင်းမှ ဥက္ကဋ္ဌ၊အမှုဆောင်များနှင့် လုပ်ငန်းရှင်များ၊ MRCCI အသင်းနှင့် ညီနောင် အသင်းများ၊ မန္တလေးစက်မှုဇုန်တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် MSME လုပ်ငန်းရှင်များ (၄၀၀)ဦး ခန့် တက်ရောက်ခဲ့ကြပါသည်။

မိတ္ထီလာစက်မှုဇုန်**အတွင်းရှိ MSME လုပ်ငန်းရှင်များမှ တင်ပြချက်များ**

၃။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာစက်မှုဇုန် **MSME လုပ်ငန်းရှင်များမှ အောက်ပါအတိုင်း တင်ပြ ဆွေးနွေးခဲ့မှုအပေါ်** ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့မှ ဆွေးနွေး ပြောကြားခဲ့**ပါသည်–**

(က) မိတ္ထီလာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ဝါလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဦး၊ ဆီကုန်သည်ကြီးများအသင်း အတွင်းရေးမှူး ဦးကျော်မြင့်၊ ရက်ကန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းထိုက်၊ ဆန်စပါးလုပ်ငန်းရှင် ဦးအောင်ဇင်မင်းထိုက်နှင့် တက်ရောက်လာကြသူတို့က စက်မှုဇုန်တွင် အရင်းအမြစ်ကောင်းများ ပြည့်စုံမှုနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုဇုန် နည်းဥပဒေ အတည်ပြုပေးရန် လိုအပ်မှု၊ လျှပ်စစ်ဓါတ်အား လိုအပ်မှု၊ ဝါသီးနှံကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝါစိုက်ပျိုးတောင်သူများ ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ ဝါမျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် ၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်လျက်ရှိမှု၊ ဆီကောင်းဆီသန့်များ ရရှိအောင် ဆောင်ရွက်ရန် လိုအပ်မှု၊ နိုင်ငံတော်မှ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ခွဲရောင်းချပေးသည့် စားသုံးဆီများကို ပြည်သူများထံ သက်သာသော ဈေးနှုန်းများဖြင့် ပြန်လည်ရောင်းချပေးလျက်ရှိမှု၊ ရက်ကန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်စက်လုပ်ငန်းတွင် အသုံးပြုသည့်ပစ္စည်းများ၊ ဈေးနှုန်းများ မြင့်တက်မှုများကြောင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိမှု အခြေအနေများနှင့် စက်မှုဇုန်အတွင်း လိုအပ်ချက်များကို တင်ပြခဲ့ပါသည်။

( ၁ ) ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့က မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် အဆင့်မီ ဝါမျိုးများ ရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေးပြည့်မီသည့် ဝါမျိုးစေ့များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဝါစိုက်ပျိုးတောင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆောင်ရွက်လျက်ရှိမှု၊ ဓါတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ ဆီထုတ်လုပ်မှု တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဆီလုပ်ငန်းရှင်များအတွက် ချေးငွေများထုတ်ပေးရန် ဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အစုအဖွဲ့များဖြင့် မွေးမြူမည်ဆိုပါက မတည်ရင်းနှီးပေးမည့် အခြေအနေများ၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်း(MSME)များအတွက်လည်း ဆောင်ရွက်ပေး၍ရသည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ စက်မှုဇုန်ဥပဒေနှင့် ပတ်သက်၍ နည်းဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီး အတည်ပြု ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းသည် လက်မှုလုပ်ငန်းမှ ပြောင်းလဲသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်မှု၊ အများပြည်သူများ ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်နေမှု၊ စက်မှုဇုန်များမှ စွန့်ပစ်ပစ္စည်းများ စနစ်တကျ ရှိစေရေးအတွက် လိုအပ်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာများကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မှ ဆွေးနွေးပြောကြားခြင်း

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ မိတ္ထီလာစက်မှုဇုန် MSME ၏ တင်ပြချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

(က) မိတ္ထီလာစက်မှုဇုန်သို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး စက်မှုနှင့် ပတ်သက်ပါက စက်မှုရပ်ကွက်နှင့် စက်မှုဇုန် ဟူ၍ ရှိကြောင်း၊ စက်မှု ရပ်ကွက်သည် စက်မှုလုပ်ငန်း ဆောင်ရွက်သည့်နေရာ၌ပင် လူများနေထိုင် နိုင်ရေး ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး စက်မှုဇုန်သည် နေထိုင်ရန်မဟုတ်ဘဲ စက်မှုလုပ်ငန်းများ သီးသန့်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော် ပေးထားခြင်းဖြစ်ကြောင်း၊

( ခ ) စက်မှုဇုန်များအနေဖြင့် လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်နေသည်ကို တွေ့ရှိရ ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံ၏ စီးပွားရေးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အဓိက အရေးပါသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတကာတွင်လည်း MSME လုပ်ငန်းများသည် အဓိက အရေးပါသည့် နေရာ၌ ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်ယူခဲ့ ရသည့်အချိန်တွင် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပဋိပက္ခများ ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုများကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီး ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း။

( ဂ ) လက်ရှိအချိန်တွင် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကိုလည်း အတိုင်းအတာ တစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီး ဖြစ်သောကြောင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် MSME လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက် ခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ စိုက်ပျိုးရေးလုပ်ငန်းများ အတွက် မတည်ငွေများ လွှဲအပ်ပေးခဲ့ကြောင်း၊ ကျန်ရှိသည့် ရန်ပုံငွေများမှ

လည်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)လုပ်ငန်းများအတွက် မတည်ငွေများ လွှဲအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊

( ဃ ) ဝါ စိုက်ပျိုး တောင်သူများအတွက်လည်း မတည်ငွေများ ထုတ်ပေးသွားရန် စီမံလျက်ရှိကြောင်း၊ ဝါစိုက်ပျိုးရန်အတွက် စိုကဧကများ အသစ်ထပ်မံတိုးချဲ့ခြင်းထက် ဝါစိုက်ပျိုးရန် မြေများတွင် အကြောင်းအမျိုးမျိုးဖြင့် အခြားသီးနှံများ စိုက်ပျိုးနေသည့် မြေများပေါ်တွင်သာ တိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ ယခင်က ဝါစိုက်ပျိုးခဲ့သော်လည်း ဝါစိုက်ပျိုးမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခြင်းကြောင့် နိုင်ငံအတွက် လိုအပ်သည့် ဝါထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားသုံးစွဲငွေများ ပိုမိုကုန်ကျကြောင်း၊

(င) အဝတ်အထည်သည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပြီး လူတစ်ဦးအနေဖြင့် မွေးစမှ သေဆုံးသည့်အချိန်အထိ အဝတ်အထည်များ လိုအပ်ကြောင်း၊ ပြည်တွင်း၌ လိုအပ်သည့်အထည်များကို ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုး ဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများမှလည်း ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ ထုတ်လုပ်ပေးလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

( စ) ဝါစိုက်ပျိုးရန်အတွက် မျိုးကောင်းမျိုးသန့်များ၊ သွင်အားစုများဖြစ်သည့် မြေဩဇာများနှင့် သဘာဝမြေဩဇာများလည်း လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများကို စနစ်တကျ ပြုပြင်၍ စိုက်ပျိုးရန်လိုပြီး စက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးနိုင်သည့် ကေကွက်များဖြင့် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ သို့မှသာ စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝ မြေဩဇာများ များစွာရှိကြောင်း၊

(ဆ) မိတ္ထီလာခရိုင်အတွင်း မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလျက်ရှိပြီး နွားအကောင်ရေအနေဖြင့် လေးသိန်းကျော်ရှိသည်ဟု သိရှိရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက ဇီဝမြေဩဇာများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝမြေဩဇာများသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊

အီးအမ်ဘိုကာရှီအပြင် ပိုက်ဆံလျှော်များ စိုက်ပျိုး၍လည်း သဘာဝမြေသြဇာ အဖြစ် အသုံးပြု၍ ရကြောင်း၊ ဓါတ်မြေသြဇာများ ရရှိရေးအတွက်လည်း နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲသို့ တောင်သူများအနေဖြင့် လည်း မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ သဘာဝမြေသြဇာ Bio Fertilizer များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊

(ဇ) စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း စိုက်ပျိုးရေနှင့် အောင်ရေသည်လည်း လိုအပ်ကြောင်း၊ ရေရရှိရေးအတွက် နိုင်ငံတော်မှ တတ်နိုင်သမျှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး ရေကို အကျိုးမဲ့ အသုံးပြုခြင်း မဖြစ်စေလိုဘဲ အကျိုး ရှိရှိ အသုံးချရန်လိုကြောင်း၊ ထို့ပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နည်းစနစ်တကျ မွေးမြူဆောင်ရွက်မှသာလျှင် လုပ်ငန်း အောင်မြင်နိုင်မည်ဖြစ်ပြီး စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ကုန်ကြမ်းပစ္စည်း များလည်း လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း၊

( ဈ) မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ဧကပေါင်း ၃၆၀၀၀ ကျော်ရှိပြီး ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါများကို စိုက်ပျိုးကြကြောင်း၊ မည်သည့်ဝါကို စိုက်ပျိုးသည်ဖြစ်စေ ဝါအထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက် ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်ရန်အတွက် မျိုးကောင်းမျိုးသန့် ဖြစ်ရန်၊ သွင်းအားစုများ လုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန် ရန်လိုကြောင်း၊ ဝါအထွက်နှုန်းများ တိုးတက်လာမည်ဆိုပါက ဝါနှင့် ပတ်သက် သည့် စက်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သဖြင့် မိတ္ထီလာခရိုင်အတွင်း ဝါအထွက်နှုန်းတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊

(ည) အခြားဆီထွက်သီးနှံများကို စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကချင်း အထွက် နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဆိုပါက စီးပွားရေးလည်း တိုးတက်လာ မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် မိတ္ထီလာ ခရိုင် အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြ စေလိုကြောင်း၊ ဒေသတွင်း စက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆန်၊ စပါးလုပ်ငန်း၊ ဆီထွက်သီးနှံကို အခြေခံ သည့် စက်မှုလုပ်ငန်း၊ ပဲကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက် ၍ရကြောင်း။

(ဍ) မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံရေး အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးခြင်းဖြစ်သဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ကြရန်လိုပြီး နိုင်ငံတော်မှ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်ချက် များအရသာ အချို့သော စီးပွားရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ ချေးငွေများကို သက်သာသော အတိုးနှုန်းများဖြင့် ထုတ်ချေးပေး လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME)များသည် နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သဖြင့် လိုအပ်သည့် ငွေကြေးများကို နိုင်ငံတော်မှ ထုတ်ချေးပေးသွား မည်ဖြစ် ကြောင်း။

(ဎ) မိတ္ထီလာခရိုင်သည် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေး လုပ်ငန်းများကို ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် အသေးစား၊ အငယ်စား နှင့် အလတ်စားစက်မှုလုပ်ငန်း (MSME)များအတွက် လိုအပ်သည့် ကုန်ကြမ်း ပစ္စည်းများကို ရရှိမည်ဖြစ်ကြောင်း၊ မွေးမြူရေးကို အခြေခံသည့် ထုတ်ကုန် ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်ပနိုင်ငံ များသို့ တင်ပို့၍ ရကြောင်း၊ စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လျှပ်စစ် ဓါတ်အား လိုအပ်မှုနှင့် ပတ်သက်၍ မိတ္ထီလာဒေသတွင် သပြေဝနေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားပေး လုပ်ငန်းရှိကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင် အသုံးပြုခြင်းဖြစ်သဖြင့် အကျိုးဖြစ် ထွန်းကြောင်း၊ မိတ္ထီလာ စက်မှုဇုန်အတွက် လိုအပ်သည့် လျှပ်စစ်ဓါတ်အားများ ရရှိစေရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်မှလည်း လျှပ်စစ်ဓါတ် အားများ လုံလောက်စွာ ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း။

(ဏ) စက်မှုဇုန်အတွင်း ရေးဆိုးမြောင်းများ စနစ်တကျ ရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စက်မှုဇုန်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း မိမိတို့နေရာအလိုက်

ရေမြောင်းများ စနစ်တကျ ရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ စက်မှုလုပ်ငန်းမှ ထွက်ရှိလာသည့် ပစ္စည်းများအားလုံးသည် မိမိတို့အတွက် အကျိုးရှိသည့် စက်မှုထွန်းပြောကက်ကုန်များဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

(ဃ) ချည်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အရည်အသွေးကောင်းမွန်သည့် ဝါများရရှိရန်နှင့် ရက်ကန်းစက်များ ကောင်းမွန်ရန်လိုကြောင်း၊ စက်မှုထွက်ကုန် ဝါကုန်ကြမ်းများကို အသုံးပြု၍ ချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အသေးစား၊ အငယ်စား နှင့် အလတ်စားစက်မှုလုပ်ငန်း MSMEများကို အားပေးကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် အလေးထားပြီး ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်မှုဇုန်လုပ်ငန်းသည် မိမိဒေသတစ်ခုသာ ကွက်၍ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကုန်ထုတ်လုပ်မှုကို အခြေခံ၍ နိုင်ငံ့စီးပွားရေးအထိ အမြင်ကျယ်ကျယ်ဖြင့် ရည်မှန်းဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စက်မှုဇုန်တစ်ခု ဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

(ဏ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စက်မှုဇုန်မှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများ၊ ဆီထွက်ပစ္စည်းများနှင့် အခြား ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု များကို လှည့်လည်ကြည့်ရှုရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြပြီး စက်မှုဇုန်အတွင်း လှည့်လည်၍ သိန်းကမ္ဘာကျော် ကုလားပဲခွဲစက်နှင့် စက်မှုလုပ်ငန်းသို့ ရောက်ရှိရာ လုပ်ငန်းရှင် ဦးမောင်မောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသသည်။ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့ပါသည်။

**မန္တလေးမြို့ စက်မှုဇုန်အတွင်းရှိ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခြင်း**

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အောက်ဖော်ပြပါမန္တလေးစက်မှုဇုန်(၁)အတွင်း ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပြောကြားခဲ့ပါသည်-

(က) မန္တလေးစက်မှုဇုန်အတွင်းရှိ Super Mandalay Co.,ltd ၏ ဘုရင်ဘီစကစ်စက်ရုံသို့ ရောက်ရှိရာ လုပ်ငန်းရှင် ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး စက်ရုံအတွင်း ကုန်ကြမ်းအဆင့်မှ ထုပ်ပိုးမှုအထိ ကုန်ပစ္စည်းများ အဆင့်ဆင့်ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့မှုအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ပါသည်။

( ခ ) ပိုင်ဖြိုးမြန်မာ ကုမ္ပဏီ၏ အောင်နိုင်သူ တွင်နှင့် သံရည်ကျို လယ်ယာသုံးရေပန့် သံမဏိသွန်းထည်လုပ်ငန်းသို့ ရောက်ရှိရာ လုပ်ငန်းရှင် ဦးအောင်ဆန်းက ကုန်ကြမ်းစုဆောင်းရရှိမှု၊ ကုန်ကြမ်းမှတစ်ဆင့် သံရည်ကျိုချက်ပြီး စိုက်ပျိုးရေးလုပ်ငန်းသုံး ရေစုပ်ပန့်အပါအဝင် ပန့်အမျိုးမျိုးနှင့် ပန့်အပိုပစ္စည်းများ၊ သတ္တုသွန်းထည်ပစ္စည်းများ၊ ကြိတ်ခွဲရေးလုပ်ငန်းသုံး အပိုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံထည်ပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေများကို လိုက်လံ ရှင်းလင်းပြသခဲ့မှုအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ ပါသည်။

( ဂ ) မောရိယ တိုင်းရင်းဆေးထုတ်လုပ်ရေး လုပ်ငန်းသို့ရောက်ရှိကြရာ လုပ်ငန်းရှင် သီရိသုဓမ္မ သိင်္ဂီ ဒေါက်တာ ဒေါ်ဌေးဌေးခိုင် နှင့် စက်ရုံဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြပြီး စက်ရုံအတွင်း ဆေးဝါးများ ထုတ်လုပ်နေမှုကို

လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒေါက်တာ ဒေါ်ဌေးဌေးခိုင်က လိုက်လံရှင်းလင်းတင်ပြသည်။ ယင်းနောက် စက်ရုံခန်းမတွင် စက်ရုံမှူး ဦးနေဝင်း က မောရိယတိုင်းရင်းဆေးဝါးကို ရှေးယခင် နှစ်ပေါင်း ၁၆၀ မှစ၍ ထုတ်လုပ်ခဲ့မှု၊ လက်ရှိအချိန်တွင် ဆေးဝါးများကို မောရိယ မန်းဆေး၊ အကြောပြေ ဒဏ်ကြေလိမ်းဆေး၊ချွဲသလိပ်ပျော်ရင်လူးဆေး၊ ရှုလိမ်းဆီ၊ ကွမ်းရွက် အခိုးပွင့်ဆေး၊ သွေးသန့်ဆေး၊ အနာကျက်ဆေးရည်များကို ခေတ်မီစက်ကိရိယာများဖြင့် ဆက်လက်ထုတ်လုပ်နေမှု အခြေအနေများကို Video Clip ဖြင့် ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ရန်နှင့် ဓာတုဗေဒပစ္စည်းများ ကင်းစင်စွာဖြင့် ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို ယခုထက် ပိုမို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ယခု မောရိယ ဆေးဝါးထုတ်လုပ်ရေးသည် နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိပြီး ကောင်းမွန်သည့် အစဉ်အလာကောင်းများရှိသဖြင့် စနစ်တကျ ထိန်းသိမ်းပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မောရိယ တိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံ ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးခဲ့ပါသည်။

**MSME လုပ်ငန်းရှင်များမှ တင်ပြချက်များ**

၆။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ **MSME လုပ်ငန်းရှင်များမှ အောက်ပါအတိုင်း တင်ပြဆွေးနွေးခဲ့ပါသည်–**

**(က)** MRCCI အသင်းဥက္ကဋ္ဌ ဦးဝင်းဌေးမှ မိမိအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်နှင့် ပတ်သက်၍ ဈေးကွက်ရရှိရေး၊ နည်းပညာရရှိရေးနှင့် အရင်းအနှီးရရှိရေး ကိစ္စရပ်များအား ဆွေးနွေးတင်ပြလိုပါကြောင်း၊ MRCCI တွင် SME

လုပ်ငန်းကော်မတီ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာရရှိစေရေးအတွက် မိမိတို့အသင်းအနေဖြင့် ဂျာမနီနှင့် PUM–Netherlands အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ လုပ်ငန်းရှင်များအား နည်းပညာများပေးအပ်လျက်ရှိပါကြောင်း၊ လွန်ခဲ့သော ၅ နှစ်ခန့်မှစ၍ ယခုအထိ အဆိုပါ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ နည်းပညာများ ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၎င်းအပြင် ပြည်တွင်းမှ အငြိမ်းစားပညာရှင်များကို စုစည်း၍ ပြည်တွင်းမှလုပ်ငန်းရှင်များအား အကြံပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များအတွက် ပြည်တွင်းမှ ပညာရှင်များ ပေးအပ်သည့် နည်းပညာများမှာလည်း အဆင်ပြေပါကြောင်း၊ အရင်းအနှီးရရှိရေးအတွက် MSME လုပ်ငန်းရှင်များအား ကိုဗစ်–၁၉ ချေးငွေများ ချေးယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကိုဗစ်ကာလဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် ချေးငွေအား အတိုး၊ အရင်း ပြန်ဆပ်နိုင်သူရှိသကဲ့သို့ မဆပ်နိုင်သူများလည်း ရှိသည့်အတွက် ချေးငွေသက်တမ်း (၁)နှစ် ထပ်မံတိုးမြှင့်ပေးစေလိုပါကြောင်း၊ ဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာပြပွဲများတွင် ပါဝင်ပြသနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသကဲ့သို့ ပြည်တွင်း ဈေးကွက်ရရှိစေရေးအတွက် Trade Fair များ ကျင်းပပြုလုပ် ပေးခဲ့ပါကြောင်း၊ နိုင်ငံတော် အနေဖြင့် MSME လုပ်ငန်းရှင်များ ပြည်တွင်းဈေးကွက်ရရှိရေးအတွက် နှစ်စဉ် တိုင်းနှင့် ပြည်နယ်များတွင် လုပ်ငန်းရှင်များအတွက် ပြပွဲများ ကျင်းပပေးစေလိုပါကြောင်း၊

**(ခ)** မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်ဦး မှ မန္တလေးစက်မှု ဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးရမည့် လိုအပ်ချက်များကို တင်ပြလိုပါကြောင်း၊ ကျွန်တော်တို့ မန္တလေးစက်မှုဇုန်ကို ၁၉၉၀ ပြည့်နှစ်၊ စတင်တည်ထောင်ခဲ့သည့်အတွက် နှစ်ပေါင်း ( ၃၂ ) နှစ်ခန့် သက်တမ်းရှိပြီးဖြစ်ပါကြောင်း၊စက်မှုဇုန်၏ဧရိယာအကျယ်အဝန်းမှာ ( ၁၈၂၀ ) ဧကခန့် ရှိပြီး အကြီးစား( ၃၆၀ )ရုံ၊ အလတ်စား (၂၃၉)ရုံ၊ အသေးစား( ၂၆၆ )

ရုံ၊ စုစုပေါင်းစက်မှုလုပ်ငန်း( ၈၆၅ ) ရုံဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုဇုန်အတွင်း လုပ်ငန်းအမျိုးအစား(၁၃)မျိုးဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီအသစ်ကို ၂၀၂၂ခုနှစ်၊မတ်လ(၄)ရက်နေ့တွင် ပြန်လည် ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ ဖွဲ့စည်းပုံမှာ ဂုဏ်ထူးဆောင်နာယကကြီး(၃)ဦးအနေဖြင့် ဝဏ္ဏကျော်ထင်ဦးမောင်ကို (ဝန်ကြီးချုပ်၊မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့)၊ ဦးအောင်ဝင်းခိုင် (Chairman, MMID Public Company Limited)၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်စန်းကြူ(ဒိုးပျံဂျုံစက်) တို့ဖြစ်ပါကြောင်း၊ စီမံ ခန့်ခွဲရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးခင်မောင်လှ( ဇလပ်ဝါဘီစကစ်စက်ရုံ )မှ ဦးဆောင်ပြီး၊ ဗဟိုအလုပ်မှုဆောင် ( ၂၇ )ဦးနှင့် ဦးဆောင်ကော်မတီ ( ၁၂ )ဦးတို့ဖြင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးဆောင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီသည် စက်မှုလုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးနှင့် ပေါင်းကူးဆက်စပ် ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ မန္တလေးစက်မှုဇုန်တွင် သံရည်ကျိုလုပ်ငန်းစက်ရုံ( ၇၀ )ရုံခန့်ရှိပါကြောင်း၊ လက်ရှိ သံရည်ကျိုလုပ်ငန်းများ ရပ်ဆိုင်းနေရသော အခက်အခဲများမှာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်နေခြင်း၊ သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် သံရည်ကျို လုပ်ငန်းများတွင် မရှိမဖြစ်ဆက်စပ်ပစ္စည်းများဖြစ်သည့် Silicon နှင့် Manganese စသည့် ပစ္စည်းများ တင်သွင်းရန်ခက်ခဲခြင်း၊ ကုန်ချောများ ရောင်းအားကျခြင်းစသည်တို့ကြောင့် ဝန်ထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက်သာ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေရပါသည်။ လုပ်ငန်းများ တိုးတက်ရှင်သန်နိုင်ရန်အတွက် လိုအပ်သည့်လုပ်ငန်း လည်ပတ်ငွေများ နိုင်ငံတော်မှ ထုတ်ချေးပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း၊ မန္တလေးစက်မှုဇုန်တွင် မြန်မာမှုကြေးသွန်းလုပ်ငန်းစက်ရုံ ( ၂၉ )ရုံခန့်ရှိပါကြောင်း၊ ကြေးသွန်း ကုန်ကြမ်းများ ဝယ်ယူရာတွင် ဈေးနှုန်းမြင့်မားနေသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်း

လုပ်ကိုင်ရန် အခက်အခဲများရင်ဆိုင်နေရပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်းထွက် ကြေးနီနှင့် ခဲမဖြူများကို နိုင်ငံတော်မှ ကြေးသွန်းလုပ်ငန်းရှင်များကို တိုက်ရိုက် ရောင်းချပေးနိုင်ပါရန်နှင့် လုပ်ငန်းများတိုးတက်လည်ပတ်နိုင်ရန်အတွက် နိုင်ငံတော်မှ ချေးငွေများ ထုတ်ချေးပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းတိုးချဲ့ရန် အတွက် ဘဏ်ချေးငွေ လျှောက်ထားရာတွင် ဘဏ်အာမခံအပေါင်ပစ္စည်းအနေဖြင့် မြေနှင့် အဆောက်အဦ တန်ဖိုးသင့် တွက်ချက်ပြီးမှသာ ချေးငွေရယူနိုင်လျက်ရှိပါကြောင်း၊ ထိုအခြေအနေသည် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ရှင်သန်လည်ပတ်ရန်အတွက် ချေးငွေရရှိရန် ခက်ခဲလျက် ရှိပါကြောင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းများ၏ လုပ်ငန်းလိုအပ်ချက် စီမံချက်၊ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်ရန်စီမံချက်စသည့် အချက်အလက်များ တင်ပြနိုင်လျှင်လည်း လုပ်ငန်းရှင်များချေးငွေ လွယ်ကူစွာရရှိနိုင်ရန်အတွက် ကူညီပေးနိုင်ရန်နှင့် သို့ဖြစ်ပါ၍ နိုင်ငံတော်မှ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် လုပ်ငန်းစီမံချက်များ တင်ပြ၍ ချေးယူနိုင်သော နှစ်လတ်၊ နှစ်ရှည်ချေးငွေများ ရရှိအောင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊

(ဂ) မြန်မာနိုင်ငံ ဝါလုပ်ငန်းရှင်အသင်း နာယက ဦးအောင်သန်းမှ ဝါမျိုးစေ့၊ မျိုးကောင်း မျိုးသန့်ရရှိမှသာလျှင် အရည်အသွေးကောင်းသည့် ဝါဂွမ်းရမည်ဖြစ်ပါသည်။ ထို့မှသာ တစ်ဧက အထွက်နှုန်း တိုးတက်ကောင်းမွန်မည်ဖြစ်သည့်အတွက် ဝါစိုက်တောင်သူများ တွက်ချေကိုက် အဆင်ပြေမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝါစေ့မျိုးကောင်း၊ မျိုးသန့်များရရှိရန် ကူညီဆောင်ရွက်ပေးရန်၊ မျိုးစေ့ကောင်းမှ ဝါမျိုးကောင်း၊ ဝါမျိုးကောင်းမှ ဝါဂွမ်းကောင်းမည်၊ ဝါဂွမ်းကောင်းမှ ချည်ကောင်းချည်မွန်ရရှိနိုင်မည်၊ ချည်ကောင်းချည်မွန်ရရှိမှ ပိတ်စကောင်း ရရှိမှာဖြစ်ပါကြောင်း၊ ဝါဈေးကွက်အမြဲရှင်သန်စေရန်အတွက် နိုင်ငံတကာသို့ Export လမ်းကြောင်းဖွင့်ပေးခြင်းနှင့် ပြည်တွင်းဝါဂွမ်းသုံးစွဲသူများနှင့် ချိတ်ဆက်ပေးနိုင်ရေးစသည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးပါရန်၊

ဝါထွက်ရှိသော ရာသီများတွင် ဝါ စိုက်တောင်သူများ၊ ဝါကြိတ်စက်ရုံများ၊ ပြည်တွင်းစက်ရုံများမှ ဝါ များ ဝယ်ယူကြရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ချည်မျှင်စက်များ အတွက်လည်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများထုတ်ချေးပေးပါရန်နှင့် ဝါ စိုက်တောင်သူများ စိုက်ပျိုးချိန်တွင် တတ်နိုင်သည့်ဘက်မှ ကူညီပံ့ပိုးစေလိုပါကြောင်း ၊

**(ဃ)** ကျောက်ဆစ်လုပ်ငန်းအသင်း အတွင်းရေးမှူး ဦးအောင်မြင့်ဗိုလ်မှ လက်ရှိအချိန်တွင် ကျောက်ဆစ်လုပ်ငန်းများမှာ လူနေရပ်ကွက်အတွင်းတွင် ဆောင်ရွက်နေရပါသောကြောင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုများ၊ မသန့်ရှင်းမှုများ ဖြစ်ပေါ်နေပါသောကြောင့် ပန်းပုလုပ်ငန်းများ စုပေါင်းလုပ်ကိုင်နိုင်သော မြေနေရာ(သို့မဟုတ်)လူနေရပ်ကွက်နှင့်ဝေးသည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြေနေရာများကို တင်ပြတောင်းခံမည်ဆိုပါက နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ခွင့်ပြုပေးစေလိုပါကြောင်း၊ ပန်းပုလုပ်ငန်းရှင်များအနေဖြင့်လည်း ကုန်ကြမ်းအဖြစ် ကုက္ကိုလ်သားကို အသုံးပြု၍ ပန်းပုထုရသည်ဖြစ်ပါသောကြောင့် တရားဝင်သစ်များကိုအသုံးပြု၍ ထုလုပ်နိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ သစ်သားပန်းပုများကို တရားဝင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအား သက်ဆိုင်ရာ ဌာနများမှ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ၎င်းအပြင် ကိုဗစ်ချေးငွေ သက်တမ်းကာလကိုလည်း တိုးမြှင့်ပေးစေလိုပါကြောင်း၊

**( င )** ရှင်သန်ဆဲ ဒြပ်မဲ့ မြတ်ပါးရွှေဆိုင်းအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းအောင်မှ ပြည်တွင်း၌ လက်ခစားစနစ်ဖြင့် ရွှေဆိုင်းအပ်နှံမှုများလည်း ရှိပါလာကြောင်း၊ ဘုရား၊စေတီ၊ပုထိုးများမှ ရွှေဆိုင်းဝယ်ယူမှုများတွင် ဈေးပြိုင်တင်ဒါစနစ်ကို အသုံးပြု၍ ဝယ်ယူခြင်းများ ရှိလာပါကြောင်း၊ မိမိတို့ ရွှေဆိုင်းလုပ်ငန်းရှင်များအနေဖြင့် ရွှေရည်မီ ရွှေသားပါဝင်မှုနှုန်းများသည့် ရွှေဆိုင်းများကို ထုတ်လုပ်ထားခြင်းကြောင့် ပြည်ပမှ တင်သွင်းလာသော ရွှေဆိုင်းဈေးနှုန်းများကို ယှဉ်ပြိုင်၍ ရောင်းချနိုင်ခြင်း မရှိပါကြောင်း၊ ပြည်ပမှ တင်သွင်းလာသော

ရွှေဆိုင်းများကို တင်ဒါစနစ်ဖြင့် ဝယ်ယူခြင်းများ ရှိလာသောကြောင့် ပြည်တွင်း ရိုးရာလက်မှုပညာလုပ်ငန်းများ တမ်ကောသွားမည့် အခြေအနေနှင့် ရင်ဆိုင်နေရပါကြောင်း၊ သို့ဖြစ်ပါ၍ ဘုရား၊ စေတီ၊ ပုထိုးများတွင် ကပ်လှူနေသော ရွှေဆိုင်းများကို ပြည်တွင်းလုပ်ငန်းရှင်များမှ ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊

**( ၈ )** အမရပူရမြို့မှ အုန်းသစ္စာ ရက်ကန်းလုပ်ငန်းပိုင်ရှင် ဦးသန်းထွန်းမှ အမရပူရမြို့တွင် ၂/၈၀ချည်အမျိုးအစားမှာ အသုံးများပါကြောင်း၊ ပြည်တွင်းချည်ကို အသုံးပြု၍ အထည်များ ရက်လုပ်နိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ ပြည်တွင်း၌ ၂/၈၀ ချည်များ ထုတ်လုပ်နိုင်ရေး လမ်းညွှန်မှာကြား စီစဉ်ဆောင်ရွက်ပေးနေသည်ကို သတင်းများမှတဆင့် သိရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်း၌ ထုတ်လုပ်သော အရည်အသွေးမီ ၂/၈၀ ချည်များကို ပြည်တွင်းလုပ်ငန်းရှင်များ ဝယ်ယူအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးစေလိုပါကြောင်း၊ ရက်ကန်း လုပ်ငန်းရှင်များအား နိုင်ငံတော်မှ လမ်းညွှန်ပေးအပ်လာမည့် နည်းပညာများ ရရှိရန်ကိုလည်း မျှော်လင့်ပါကြောင်း၊

**(၉)** မန္တလေးစက်မှုဇုန်ကော်မတီဝင် ဦးဝေဖြိုးမှ မန္တလေးတိုင်းဒေသကြီးတွင် စက်မှုဇုန်တည်ထောင်ခဲ့သည်မှာ နှစ်ကာလ ကြာမြင့်နေပြီဖြစ်သော်လည်း ယခုအချိန်အထိ စက်မှုလုပ်ငန်းရှင်များနှင့် ကာယ၊ဉာဏလုပ်သား ကြီးများအတွက် မှီငြမ်းကိုးကားနိုင်သည့် စာကြည့်တိုက်နှင့် ဖွံ့ဖြိုးရေးနှင့် သုတေသနစင်တာ တစ်ခုမျှ မရှိပါကြောင်း၊ မန္တလေး စက်မှုဇုန်အတွင်း အဆင့်မြင့် ခေတ်မီ နည်းပညာများ ရရှိနိုင်စေရေးအတွက် စာကြည့်တိုက်နှင့် ဖွံ့ဖြိုးရေးနှင့်သုတေသနစင်တာ တည်ထောင်ပေးစေလိုပါကြောင်း၊

**( ၉ )** MRCCI အသင်း ဒုဥက္ကဋ္ဌ(၁) ဒေါ်မြင့်မြင့်သန်းမှ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းလုနီးပါးဖြစ်နေပြီး အရင်းအနှီးလိုနေတဲ့ SME လုပ်ငန်းရှင်တွေကို နိုင်ငံတော်မှ အတိုးနှုန်း( ၁% )သာပေးရသော ချေးငွေရရှိရေးသက်ဆိုင်ရာဌာနများနဲ့

ပူးပေါင်းပြီး One Stop Service ဖြင့် MRCCI ရုံးတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ SME လုပ်ငန်းများမှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှု ရရှိရေးများ ဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ SME လုပ်ငန်းများမှာ လိုအပ်နေတဲ့ SME နှင့် ပတ်သက်သော သင်တန်းများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်မှာ ရက်ကန်းလုပ်ငန်း( ၉၅ % )က ရပ်နားနေရပြီး ချည်ထုပ်အစရှိသော ကုန်ကြမ်းများ ဈေးနှုန်းမြင့်တက် နေသောကြောင့် ဖြစ်ပါကြောင်း၊ ငွေကြေးဈေးနှုန်းမတည်ငြိမ်တာရယ်၊ ဈေးကစားမှုများပြားတာရယ်၊ ကိုယ်စားလှယ်များ မှတဆင့် ဝယ်ယူရသည့်အတွက် ကုန်ဈေးနှုန်းမတည်ငြိမ်မှုများဖြစ်နေတဲ့ အဲဒီအခက်အခဲများ ပြေလည်အောင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ MSME လုပ်ငန်းတွေအတွက် သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများစွာတွေ့ကြုံနေရသည့်အတွက် ခွင့်ပြုမိန့်တစ်စုံတစ်ရာ ရရှိရေး ကူညီဆောင်ရွက် ပေးစေလိုပါကြောင်း၊ ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် လုပ်ငန်းများ အပြည့်အဝလည်ပတ်နိုင်မှု မရှိသေးသည့်အတွက် ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် အတိုးနှုန်းသက်သာပြီး ပြန်ဆပ်ချိန်ကို တစ်နှစ်မဟုတ်ဘဲ( ၂/၃ )ပြင်ဆင်သတ်မှတ်ပေးစေလိုကြောင်း၊

**(ဈ)** MRCCI အသင်းနှင့် ညီနောင် အသင်းများအတွက် ရုံးခန်းများ တစ်စုတစ်စည်းတည်း ဖွင့်လှစ်နိုင်ရေး အဆောက်အဦမြေနေရာအတွက် နိုင်ငံတော်မှ သတ်မှတ်သောနှုန်းဖြင့် မြေနေရာ စီစဉ်ပေးနိုင်ရေး၊

**ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည်ရှင်းလင်း ဖြေကြားခြင်း**

၇။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ **MSME လုပ်ငန်းရှင်များ၏တင်ပြမှုများအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှ အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ပါသည်-**

**(က)** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးမှ ဝါမျိုးကောင်းမျိုးသန့်ရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့်

ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်သည့် သွင်းအားစုများ ရရှိနိုင်ရေး နိုင်ငံတော်ရင်းနှီးငွေများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးကာ တောင်သူများလက်ဝယ်သို့ အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများ ရရှိရေး စိစစ်ကြပ်မတ် ဆောင်ရွက်နေပါကြောင်းနှင့် အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေ ပြည်သူလူထု ဝင်ငွေရရှိရေးတို့အတွက် သမဝါယမစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ရှိပါကြောင်း၊ ချည်းမျှင်ကောင်းရရှိရေး ဝါမျိုးကောင်းများ တိုက်ရိုက်တင်သွင်းခွင့် ခွင့်ပြုမိန့်များ ထုတ်ပေးလျက်ရှိပါကြောင်း၊ ထုတ်လုပ်သူ၊ တောင်သူ၊ သွင်းမည့်သူ ၃ ပွင့်ဆိုင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အနီးစပ်ဆုံး စိုက်ရာသီတွင် စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြံမျိုးပွားမည့် လုပ်ငန်းရှင်များ ရှိပါကနည်းပညာဆောင်ရွက် ပေးမည်ဖြစ်ပြီး နေရာတကာတွင် အစိုးရကဆောင်ရွက်ပေး၍ မရပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုနည်းပညာများနှင့် ပတ်သက်၍ နည်းပညာ လိုအပ်ချက်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နေကြာ၊ ဝါ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ရှိပါကြောင်း၊

**(ခ)** သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး–ဦးလှမိုးမှ မြင်းကောင်ရေ ၀.၂၅ မှ ၅ ကောင်အထိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ပေးလျက် ရှိပါကြောင်း၊ မြစိမ်းရောင်ချေးငွေ ဆောင်ရွက်နိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ Contract Farming ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Solar ရေတင်စနစ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊

သမအသင်းဖွဲ့စည်း ဆောင်ရွက်ပေးလျက်ရှိပြီး Contract Farming ဆောင်ရွက်ရန်အတွက် သမဦးစီးမှူးများအား တာဝန်ပေးထားပါကြောင်း၊

(ဂ) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းမှ ဝန်ကြီးဌာနတွင် ပြည်ထောင်စု ဝန်ကြီးရုံး၊ စက်မှုပူးပေါင်းဆောင်ရွက် ရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၁) အကြီးစားလုပ်ငန်း၊ အမှတ်(၂) အကြီးစားလုပ်ငန်း၊ အမှတ်(၃)အကြီးစားလုပ်ငန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတို့ဖြင့် ဖွဲ့စည်းထားပါကြောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အနေဖြင့် ၁၉၉၀ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ ၂၀၁၅ SME ဥပဒေ၊ ၂၀၂၀ စက်မှုဇုန်ဥပဒေ များဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ပါကြောင်း၊ အမှတ်(၁) အကြီးစားလုပ်ငန်းတွင် သံ၊ သံမဏိလုပ်ငန်းတွင် ခေတ်ခွဲခန်းအကြီးစားရှိပြီး နည်းပညာလိုအပ်ပါက တောင်းခံနိုင်ပါကြောင်း၊ ဘိလပ်မြေစက်ရုံ၊ မှန်စက်ရုံများရှိကြောင်း၊ Digital Platform ရှိပြီး SME နှင့် ချိတ်ဆက်ပြီး ဈေးကွက်ရရှိရေး၊ နည်းပညာ ရရှိရေး ချိတ်ဆက်ဆောင်ရွက်လိုပါက ကူညီပံ့ပိုး ပေးနိုင်ပါကြောင်း၊ သံမဏိနည်းပညာနှင့်ပတ်သက်၍ ကူညီပေးနိုင်ပါကြောင်း၊ လိုအပ်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ဆက်သွယ်နိုင်ပါကြောင်း၊ ချည်မျှင် စက်ရုံများအား စတင်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်ရှင်သန်ရန် တတ်နိုင်သလောက် ကူညီပေး မည်ဖြစ်ပါကြောင်း၊ ကျောက်ဆစ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်မြင့်ဗိုလ် အနေဖြင့် လိုအပ်သည်များကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူးနှင့် ဆွေးနွေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ၂/၈၀ ချည်နှင့်ပတ်သက်၍ နိုင်ငံတော်မှ စမ်းသပ်ထုတ်လုပ်ရေး တာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ စက်ပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် နည်းပညာရယူလိုပါက အမှတ်(၃) အကြီးစားမှ ကူညီပေးနိုင်ပါကြောင်း၊ ဦးဝေဖြိုး ( စက်မှုဇုန် )၏ တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးမှ စာကြည့်တိုက်နှင့် သုတေသနဖွံ့ဖြိုးရေးစင်တာ တည်ထောင်ရန်အတွက် လိုအပ်သော နည်းပညာများကို

ကူညီပေးမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်၊ ဆိုလာ၊ ဒီဇယ်၊ AFTA ကိစ္စ၊ ကုန်ကြမ်းကိစ္စများကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ MSME Exhibition လုပ်ရန်မူအားဖြင့် သဘောတူထားပြီး ပါဝင်ကူညီဆောင်ရွက် ပေးကြစေလိုကြောင်း၊

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မှ ဆွေးနွေးပြောကြားခြင်း**

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ မန္တလေးတိုင်းစက်မှုဇုန်အတွင်းရှိ **MSME** ၏ တင်ပြချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

(က) မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ တိုးတက်ရေးအတွက် တွေ့ဆုံခဲ့ခြင်းဖြစ်ပါကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါ် များရေးကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ကိုင်ဆောင်ရွက်နေသူများ အားလုံး အေးချမ်းလုံခြုံစွာဖြင့် လုပ်ကိုင်နေ ထိုင် ဆောင်ရွက်နေခြင်းသည် တိုင်းပြည်သာယာဝ ပြောခြင်းဖြစ်ပါကြောင်း၊ စားရေရိက္ခာပေါများရေးနှင့် ပတ်သက်၍ သောက်သုံး ရေလုံလောက်စွာ ရရှိရေးနှင့် စားသောက်ကုန်များသာမက တစ်ကိုယ်ရေသုံးပစ္စည်းများသည် လည်း ရိက္ခာတွင်ပါဝင်ပါကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေ ရိက္ခာပေါများရေးအတွက် နိုင်ငံအတွင်း အနေထိုင်နေသူများမှ ဆောင်ရွက် ရခြင်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါများရေးနှင့် ပြည်တွင်း စီးပွားရေး ကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

( ခ ) ကုန်ကြမ်းများပေါများရေး၊ သွင်းအားစုများ လုံလောက်စွာရရှိရေး၊ အရင်း အနှီးများ လုံလောက်စွာရရှိရေးနှင့် လူသားအရင်းအမြစ်များ လုံလောက်စွာ ရရှိရန် လိုကြောင်း၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ် လုပ်ရန်အတွက် ရေအရင်းအမြစ်များစွာရှိပါကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်း သည် အရင်းအနှီးကြီးမားသော်လည်း ရေရှည်အတွက် ကောင်းမွန်သော

လုပ်ငန်းဖြစ်ကြောင်း၊ နျူကလီးယား စွမ်းအင်သုံးလျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းသည်လည်း များစွာအကျိုးဖြစ် ထွန်းစေပါကြောင်း၊ မကြာမီကာလအတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးချနိုင်ရေးအတွက် လျှပ်စစ်ဓါတ်အား၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် အသုံးချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လောင်စာဆီများ သဘာဝဓါတ်ငွေ့ များနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် စက်သုံးဆီများကို နှစ်စဉ်အမေရိကန်ဒေါ်လာ (၂) ဘီလီယံဖိုးခန့် တင်သွင်းနေရပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်းတွင်းရေနံထုတ်လုပ်နိုင်သော အရင်းအမြစ်များစွာရှိနေ သည့်အပြင် သဘာဝဓတ်ငွေ့နှင့် ပတ်သက်၍လည်း ကမ်းလွန်မှာ ထုတ်လုပ်ရမည့် အရင်းအမြစ်များတွေ့ရှိ ထားပြီးဖြစ်ကြောင်း၊ ဒီဇယ်ဆီတင်သွင်းခြင်းကို လျှော့ချနိုင်ရန်နှင့် လျှပ်စစ်ဓါတ်အား အသုံးပြုနိုင်တဲ့ စက်ကိရိယာများကို ပြောင်းလဲ အသုံးပြုရမည်ဖြစ်ပါကြောင်း၊

( ဂ ) ပို့ဆောင်ရေး စနစ်များတွင် လျှပ်စစ် ဓာတ်အား အသုံးပြုနိုင်ရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်နေပြီး ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့်လည်း သဘောတူညီချက်ရရှိထားပြီး ဖြစ်ပါကြောင်း၊ လျှပ်စစ်စွမ်းအင်သုံးရထားများနှင့် ဘတ်စ်ကားများကို အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးတွင် ဦးစားပေးပြေးဆွဲနိုင်ရေး ရည်မှန်းဆောင်ရွက် လျက်ရှိပါကြောင်း၊ နိုင်ငံတွင် ဆိုင်ကယ်စီးရေ ၆ သန်းခန့်ရှိပြီး နေ့စဉ်ဆီသုံးစွဲမှုကို လျှော့ချနိုင်ပါက ပြည်ပမှ စက်သုံးဆီတင်သွင်းခြင်းကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ Public Transportation စနစ်ကို အားပေးဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ Transportation အတွက် လိုအပ်သော လျှပ်စစ်ဓတ်အားရရှိရေးအတွက် ရေ၊ နျူကလီးယားသုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းအပြင် နေရောင်ခြည်စွမ်းအင်သုံး ထုတ်လုပ်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မန္တလေး မှာ လျှပ်စစ်ဓတ်အား လုံလောက်အောင် ရရှိရေး ပြင်ဆင်ဆောင်ရွက် လျက်ရှိပါကြောင်း၊ လျှပ်စစ် ဓါတ်အား သွယ်တန်းမှုကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရောင်ခြည်

စွမ်းအင်သုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိ ပါကြောင်း၊

(ဃ ) စက်မှုလုပ်ငန်းများမှာ ကုန်ကြမ်းသေချာသည့် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရ မည်ဖြစ် ပါကြောင်း၊ ဒေသမှ ထွက်ရှိတဲ့ ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ် လုပ်မှုလုပ်ငန်းသည် ပိုမိုအကျိုးဖြစ်ထွန်းမည် ဖြစ်ပါကြောင်း၊ မန္တလေးမှာ စိုက်ပျိုးရေးကုန်ကြမ်းများ၊ မွေးမြူရေး ကုန်ကြမ်းများ၊ စက်မှုကြန်ကြမ်းများစွာ ထွက်ရှိပြီး လိုအပ်သည့်ကဏ္ဍများကို နိုင်ငံတော်မှ ပံ့ပိုးကူညီပေးသွား မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်မျိုးကောင်း မျိုးသန့်များရရှိရေးနှင့် ဒေသအလိုက် စိုက်ပျိုသည့်မျိုးများ တူညီမှုရှိစေရေး၊ အစုအဖွဲ့အလိုက် တတ်နိုင်သမျှ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံမှာ ချည်မျှင်ရှည်ဝါနှင့် ဝါများ စိုက်ပျိုးကြရန်နှင့် အဆင့်မီ ဝါများ ထွက်ရှိရေးအတွက် အရည်အသွေးပြည့်မီ၍အဆင့်မီသည့် ဝါ များထွက်ရှိရေးနှင့် အဆင့်မီသည့် ဝါ မျိုးကောင်း မျိုးသန့်များ ရရှိရေး နိုင်ငံတော်မှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေးမှာ ဝါစိုက်ပျိုးမှုများစွာရှိ သည့်အတွက် ဝါကို အခြေခံတဲ့ စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်မှ လိုအပ်သော အထောက်အပံ့များကို ကူညီပံ့ပိုး ပေးသွားမည်ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး၌ မွေးမြူရေး လုပ်ငန်းများစွာရှိပြီး အများစုမှာ မိရိုးဖလာ မွေးမြူကြတာကို တွေ့ရှိရပါကြောင်း၊ စနစ်ကျသည့် မွေးမြူရေး စနစ်ဖြင့် မွေးမြူပါက မွေးမြူရေးမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာ အဖြစ် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်းနှင့် စိုက်ပျိုးရေး လုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချ နိုင်မှာဖြစ်ပါကြောင်း၊ ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ ငါး မွေးမြူရေးလုပ်ငန်းများမှ စားသောက်ကုန် ထိုတကုန် လုပ်ငန်းများ ဆောင်ရွက်၍ ရပါကြောင်း၊

( င ) စက်မှုကုန်ကြမ်းများအတွက် လိုအပ်သော သတ္တုကုန်ကြမ်းများနှင့် သစ်ကုန်ကြမ်းများ ရရှိရေး ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ ထုတ်ကုန်ပစ္စည်း

များ ဈေးကွက်ရရှိရေးအတွက် ထုတ်လုပ်သော ပစ္စည်းများမှာ အရည်အသွေး ပြည့်မီရန် လိုအပ်သကဲ့သို့ ထုတ်ကုန်ပစ္စည်းများကို သိရှိစေရေးအတွက် ကြော်ငြာခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီစက်ကိရိယာများ၊ နည်းပညာများ၊ လူသား အရင်းအမြစ်များ၊ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါကြောင်း၊ ထုတ်ကုန်ပြပွဲများ ကျင်းပရေး ဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း၊

( စ ) သွင်းကုန်အစားထိုးနိုင်ရေးအတွက် ပြည်တွင်း၌ ထုတ်ကုန်များ ထုတ်လုပ်ရန် လိုအပ် သကဲ့သို ပြည်ပသို့ တင်ပို့နိုင်သော ထုတ်ကုန်များထုတ်လုပ်ရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း ထုတ်ကုန်များကို အားပေးခြင်းသည် ပြည်တွင်းစီးပွားရေးကို အားပေးခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်း မှထွက်ရှိသော ကုန်ကြမ်းများကို အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းစီးပွားရေးကိုဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်ရှိသော ထုတ်ကုန်များကိုလည်း ပြည်ပမှ ဝင်ရောက်ဆောင်ရွက်ခြင်းထက် မိမိတို့ ကိုယ်တိုင်ဦးစီး ဆောင်ရွက်နိုင်အောင် လုပ်ဆောင်သွား ရမှာဖြစ်ပါကြောင်း၊ မိမိတို့စီးပွားရေးကို မိမိတို့ကိုယ်တိုင် ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဈေးကွက်ရရှိရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြ စေလိုကြောင်း၊

(ဆ) နိုင်ငံတော်မှ စိုက်ပျိုးရေးချေးငွေများကို ယခင် ကတည်းက ထုတ်ချေးပေးခဲ့ပါကြောင်း၊ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ် နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းများလည်း ရှိပါကြောင်း၊ နိုင်ငံတော်မှ ထုတ်ချေးပေးထားသော ကိုဗစ်-၁၉ ချေးငွေကာလ သက်တမ်းတိုးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ MSME လုပ်ငန်း များတွင် ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ ဝန်ဆောင်မှုနှင့် အခြားဟူ၍ ကဏ္ဍ(၄)ခု ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ် လုပ်မှုထက် ကုန်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုများပြားခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်း

လိုအား မဗျူတသွယ်ရေးခြင်းကြောင့် ကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကိုလည်း လျှော့နည်းအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုများကိုအားပေးရန်၊ ပြည်တွင်း ရင်းနှီးရင်းနှီးမှုများကိုအားပေးရန် တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိ ပါကြောင်း၊ ဒေသအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာပြီး ပြည်ပနိုင်ငံများသို့ သွားရောက် လုပ်ကိုင်ရမှုများ နည်းပါးလာမည်ဖြစ်ပါကြောင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးတွင် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်း ပြောကြားသွားခဲ့ပါသည်။

**နိဂုံး**

၉။ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ မိတ္ထီလာနှင့် မန္တလေးတိုင်းစက်မှုဇုန်အတွင်းရှိ **MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံမှု ဆွေးနွေးမှု အစီရင်ခံစာအား တင်ပြအပ်ပါသည်။**

# မှတ်တမ်းဓါတ်ပုံများ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား






## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှမန္တလေးတိုင်းဒေသကြီးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME) စီးပွားရေးလုပ်ငန်း/စက်ရုံများသို့ ကြည့်ရှုစစ်ဆေးခြင်း







နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ မှ အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြမှုများကို ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းတင်ပြခြင်း





## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ မှ အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုခြင်း









နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ မှ အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များမှ ဆွေးနွေးတင်ပြခြင်း




